# ၂၀၁၉ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**စိတ်ကြိုက်မြန်မာစာ** **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) မောင်ဘစီဝတ္ထုတိုတွင် အလုပ်လုပ်ရင်းပညာကြိုးစားသင်ယူသဖြင့် ဘဝအခြေအနေတိုးတက် (၁၀မှတ်) သွားသော လူငယ်တစ်ယောက်အကြောင်းကို စာရေးသူက မည်သို့ဖော်ကျူးထားသနည်း။

**(သို့မဟုတ်)**

ဝစီကိုင် ဝတ္ထုတိုမှ ကျေးရွာဘောလုံးပွဲအတွေ့အကြုံကို သရုပ်ဖော်ရေးသားပါ။

(ခ) အာဇာနည်မိခင် ပြဇာတ်တွင် တွေ့ရသော အာဇာနည်မိသားစု တစ်စု၏အဖြစ်အပျက်ကို (၁၅မှတ်) စိတ်ဝင်စားဖွယ် တင်ပြပါ။

**(သို့မဟုတ်)**

မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ ပြဇာတ်မှရရှိသော ဘဝသင်ခန်းစာများကို ထုတ်ဖော် ဆွေးနွေးပါ။

၂။ (က) အောက်ပါတို့မှ **နှစ်ခု**ကို သံဝရပျို့အရ ရှင်းပြပါ။ (၁၀မှတ်)

(၁) ဤရဟန်းလျှင်၊ ဟုပ်တွန်းလေခတ်၊ ဘောင်ကြိုးပြတ်သို့၊ စွန့်လွှတ်ဝီရိယ၊ တောဝပစ်ခွာ၊ ရှာမိုလာ၏။

(၂) သရက်မှည့်သီး၊ ခိုင်လုံးကြီးကို၊ မနီးမြေတာ၊ ယူဇနာက၊ လှမ်းကာမှီနိုး၊ ဆွတ်မည်ကြိုးသို့။

(၃) ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ရောက်သို့၊ လက်မြှောက်ဦးတင်၊ မြလှချင်၏။

(၄) ပန်းမျိုးစသည်၊ ခြင်းလှ ဘက်နီး၊ သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြင့်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချူသည်။

(ခ) သံဝရပျို့မှခမည်းတော်နှင့်သားတော်သံဝရမင်းသားတို့၏မေတ္တာတရားကိုဖော်ကျူးတင်ပြပါ။ (၁၅မှတ်)

**(သို့မဟုတ်)**

သံဝရပျို့မှ ဆရာအမတ်၏စကားကိုနားထောင်သည့်အတွက် သံဝရမင်းသား အကျိုးကျေးဇူး ဖြစ်ထွန်းပုံကို ဆွေးနွေးတင်ပြပါ။

၃။ (က) အောက်ပါတို့မှ **နှစ်ခု** အကြောင်းကို မှတ်စုရေးပါ။ (၁၀မှတ်)

လက်တန်းဉာဏ်၊ နှစ်ဆစ်ချိုး၊ မန်ကျည်းရွက်သတ် နဘောထပ်ကာရန်၊ တြိချိုး။

(ခ) အောက်ပါကဗျာ၏ အမျိုးအမည်ကိုဖော်ပြ၍ ကာရန်ယူပုံကို သင်္ကေတဖြင့် ရှင်းပြပါ။ (၁၅မှတ်)

သူဖြူလျှင် အယူဖြောင့်နိုင်ငဲ့၊ သူမှောင့်မှာစိုးမိတယ်။
ခွင့်သနားလျှင်ဖြင့်၊ မြင့်ဖျား ဟေမာနှင့်၊ ချောင်သေလာ ရွှေဝါကွေ့မှာ၊ တောမွေ့တော့မယ်။
မသေရုံ ရွှေဘုံကြီးမှာလ၊ သစ်သီးနှင့် ပွဲတော်တည် (တယ်)၊ ဖန်ခြယ်တဲ့ဝတ်လဲ။
မွေးလို့ရယ်လှိုင်၊ အုပ်လုံးစံပယ်ကြိုင်တဲ့၊ မြကေခိုင် မင်ရည်လဲ့ကို၊ ရှင်းမယ့်ကြံဆဲ။

[ တစ်ပက်သို့

၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၁၀မှတ်)

(၁) ရတနာကြေးမုံဝတ္ထုကို မည်သူရေးသနည်း။

(၂) အလောင်းဘုရား၏အမေးကို အတုလဆရာတော် ဖြေဆိုသောကျမ်းမှာ အဘယ်နည်း။

(၃) မင်းတုန်းမင်းလက်ထက်တွင် ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ခေတ်မီသောအုပ်ချုပ်ရေးစနစ်ကို ရေးရှု၍ မည်သည့်ကျမ်းကို ရေးခဲ့သနည်း။

(၄) ကုန်းဘောင်ခေတ်တွင် ပထမ အင်္ဂလိပ် မြန်မာအဘိဓာန်ကို မည်သူပြုစုခဲ့သနည်း။

(၅) ကုန်းဘောင်ခေတ်တွင် လက်ဝဲသုန္ဒရ ရေးဖွဲ့ခဲ့သော စစ်ရေးစစ်ရာ ပျို့သုံးစောင်အနက် ပျို့တစ်စောင်၏အမည်ကို ဖော်ပြပါ။

(၆) ကိုလိုနီခေတ်တွင် ကာလပေါ်ဝတ္ထုများသည် ဗုဒ္ဓစာပေများနှင့် တစ်မူကွဲကာ မည်သည့်အကြောင်းကိုအခြေပြု ရေးဖွဲ့ခဲ့ကြသနည်း။

(၇) တိုင်းရင်းဖြစ်အထည်များကို ရက်လုပ်ဝတ်ဆင်ကြရန် တိုက်တွန်းထားသော မောင်းထောင်ဦးကျော်လှ၏ ကဗျာအမည်မှာ အဘယ်နည်း။

(၈) ခေတ်စမ်းစာပေလှုပ်ရှားမှုတွင် မည်သည်ကိုအကြောင်းပြု၍ ဘာသာပြန်ကဗျာများ ပေါ်ပေါက်လာသနည်း။

(ခ) မြန်မာစာပေသမိုင်းမှကုန်းဘောင်ခေတ်တွင်ပေါ်ထွန်းခဲ့သော နန်းတွင်းဇာတ်နှင့်ပြဇာတ်များ အကြောင်းကို ဆွေးနွေးတင်ပြပါ။ (၁၅မှတ်)

**(သို့မဟုတ်)**

ကိုလိုနီခေတ်တွင် မြန်မာကာလပေါ်ဝတ္ထုများပေါ်ပေါက်လာပုံကို စိတ်ဝင်စားဖွယ် တင်ပြပါ။

---